ကုလသမဂ္ဂ၏ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဒုက္ခသည်များအတွက် ဆန္ဒအလျောက်နေရပ်ပြန်ခြင်းဆိုင်ရာ မဟာဗျူဟာမြောက်လမ်းပြမြေပုံ (၂၀၁၅ - ၂၀၁၇)

*နောက်ဆုံးပြင်ဆင်ချက် ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ*

## အခန်း(၁)။ နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ အရပ်သားဦးဆောင်သော အစိုးရတစ်ရပ် ဖွဲ့စည်းခြင်း၊ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာခြင်းနှင့် နိုင်ငံ၏အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ သိသိသာသာ လျော့နည်းလာမှုတို့သည် ဒေသခံပြည်သူလူထုများ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ(IDPs)နှင့် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာပြီး ထိုင်းနိုင်ငံရှိ ယာယီဒုက္ခသည်စခန်း (၉)ခုတွင် နေထိုင်လျှက်ရှိကြသည့် ဒုက္ခသည်ပေါင်း (၁၀၂,၀၀၀)[1] ကျော်အပေါ် အကျိုးသက်ရောက်မှုများ သိသိသာသာရှိလာကာ အိမ်ပြန်နိုင်မည့်မျှော်လင့်ချက်ကို အသစ်တဖန်ပြန်လည်ပေးစေခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ(GOUM) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(NSAs) အကြား နှစ်ဖက်အပစ်အခတ်ရပ်စဲရေးများကို တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်တိုက်လုပ်ဆောင်လာခဲ့သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်း၊ ၂၀၁၅ခုနှစ်၊အောက်တိုဘာလ(၁၅)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈) ဖွဲ့အကြား သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် တိုးတက်မှုများ အတော်အတန် ရရှိလာခဲ့ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့ပြီး ရလဒ်အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဦးဆောင်သော အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

၂၀၁၂ခုနှစ်မှစ၍ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့်ပတ်သတ်၍ မည်သို့မည်ပုံဖြစ်နိုင်မည်ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများရှိလာခဲ့သည်။ IDPs များနှင့် ဒုက္ခသည်များ မိမိဆန္ဒအလျောက် နေရပ်သို့ ပြန်လာခဲ့ခြင်းများ ရှိလာခဲ့သည်။ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင် ပထမဦးဆုံးအကြိမ် ဆန္ဒအလျောက်နေရပ်ပြန်ခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်းတွင် နေရပ်ပြန်မည့်ဒုက္ခသည်အရေအတွက် တိုးလာလိမ့်မည်ဟု မျှော်မှန်းထားသည်။

UNHCR ၏ လက်ရှိအခြေအနေသုံးသပ်ချက်အရ မိမိဆန္ဒအလျောက်နေရပ်ပြန်မှုများအား စေ့ဆော်အားပေးရန်အတွက် စောလွန်းနေသေးကြောင်း ယူဆထားဆဲဖြစ်သော်လည်း အခြေအနေသည် အချိန်နှင့်အမျှ ဆက်လက်ပြောင်းမှုရှိနေပြီး ယခု မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရ နှစ်ရပ်လုံးမှ ဒုက္ခသည်များ မိမိဆန္ဒအလျောက်နေရပ်ပြန်မည့်ကိစ္စအပေါ် နိုင်ငံတကာစံနှုန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းမူများနှင့်အညီ UNHCR ကအဆိုပြု ထောက်ခံထားသည့်အတိုင်း ထောက်ခံအားပေးရန်ပြသခဲ့သည်။

နေရပ်ပြန်ဒုက္ခသည်များနှင့် ဒေသတွင်းရှိ ရပ်ရွာလူထုများအားကူညီပံ့ပိုးပေးရန် လိုအပ်နေမှုနှင့် ဖြစ်ပေါ်နေသောအခြေအနေတို့ကို အကြောင်းပြု၍ ၂၀၁၅-၂၀၁၇ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ဒုက္ခသည်များ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းအတွက် UNHCR ၏ အဓိကဗျူဟာမြောက်လမ်းညွှန်ချက်များကို ဤလမ်းပြမြေပုံတွင် အနှစ်ချုပ်ဖော်ပြထားပါသည်။ ထို့အပြင် ဤလမ်းပြမြေပုံကို မြန်မာနိုင်ငံအရှေ့

---

1 ၂၀၁၅ ခုနှစ် အစောပိုင်းတွင် RTG နှင့် UNHCR ၏ လူဦးရေးစိစစ်မှုအရ ဒုက္ခသည် (၁၁၀,၀၀၀) ရှိသော်လည်း ယင်းနောက်တွင် ဒုက္ခသည်ဦးရေသည်(၁၀၂,၀၀၀)ထိလျော့ကျလာခဲ့သည်။

တောင်ပိုင်းရှိ နေရပ်ပြန်မည့်ဒုက္ခသည်များနှင့် ယင်းတူညီသောနေရာသို့ ပြန်လာကြသည့် IDPs များ၏ လိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်းပေးခြင်းလုပ်ငန်းတွင် ကြားခံဆက်သွယ်ပေးသည့် မူဘောင်တစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ဤစာတမ်းသည် UNHCR နှင့်တကွ ဒုက္ခသည်များ၊ ရပ်ရွာလူထုများ၊ ထိုင်းနိုင်ငံအစိုးရ ၊ မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များ စသည်ဖြင့် ပါဝင်ပတ်သတ်နေသူများအားလုံးတို့မှ ဒုက္ခသည်များပြန်လာရေး ပြင်ဆင်ကြိုးပမ်းအားထုတ်မှုများအပေါ် အထောက်အကူပြုမည် ဖြစ်ပါသည်။

UNHCR ၏မဟာဗျူဟာမြောက်လမ်းပြမြေပုံအား လက်ရှိရရှိနိုင်သည့် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များကို အသုံးပြု၍ ရေးဆွဲထားခြင်းဖြစ်သည်၊ ဤသို့ရေးဆွဲရာတွင် လတ်တလောလုပ်ငန်းလုပ်ဆောင်မှုသဘာဝကို စုပေါင်းဆန်းစစ်ခြင်း၊ ထိုင်းနိုင်ငံရှိ UNHCR ရုံး၏ ဒုက္ခသည်စစ်တမ်းကို သုံးသပ်ခြင်းနှင့် အနာဂတ်၌ဖြစ်ပေါ်လာနိုင်သောဖြစ်ရပ်များနှင့် ကြိုတင်ပြင်ဆင်မှုများတွင် အဓိကကျသော ထင်မြင်ယူဆချက်များအတွက် ခိုင်လုံသောအကဲဖြတ်မှုတစ်ရပ်ကို ဖော်ထုတ်ရေးဆွဲရန်အတွက် မြန်မာနိုင်ငံရှိ UNHCR ရုံးမှ လက်ရှိဆောင်ရွက်နေဆဲဖြစ်သည့် ဆန္ဒအလျောက်နေရပ်ပြန်လာခြင်းများကို စောင့်ကြည့်လေ့လာခြင်းများ စသည်တို့ပါဝင်ပါသည်။ ဤလမ်းပြမြေပုံတွင် မဏ္ဍိုင်ကြီး(၅) ခုပါဝင်ပြီး မဏ္ဍိုင်အသီးသီးသည် လုပ်ငန်းဆောင်ရွက်မှု အဆင့်တစ်ဆင့်စီကို ကိုယ်စားပြုမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို အစီအစဉ်တကျ တစ်ဆင့်ပြီးတစ်ဆင့် မိတ်ဆက်သွားပြီး ယင်းလုပ်ငန်းများကို အဆင့်လိုက် ရပ်စဲခြင်းမပြုမီ အချိန်အတိုင်းအတာတစ်ခုအထိ အပြိုင်လုပ်ကိုင်ဖော်ဆောင်မှုများလည်းရှိနိုင်ပါသည်။ ဤမဏ္ဍိုင်ကြီးတစ်ခုစီတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းများထည့်သွင်းပါဝင်မည်ဖြစ်ပါသည်။ ယင်းတို့ကို အခန်း(၃)တွင် အကျဉ်းချုံးဖော်ပြထားသည်။

နေရပ်ပြန်ခြင်းအား နည်းလမ်းသုံးသွယ်ဖြင့် ခွဲခြားသိမြင်နိုင်ပါသည်။ ယင်းတို့မှာ ဆန္ဒအလျောက်မိမိအစီအစဉ်ဖြင့်နေရပ်ပြန်ခြင်း၊ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်း နှင့် စေ့ဆော်အားပေးမှုဖြင့်နေရပ်ပြန်ခြင်းတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံအနေအထားအရ ၎င်းတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်...

- **ဆန္ဒအလျောက်မိမိအစီအစဉ်ဖြင့်နေရပ်ပြန်ခြင်း**သည် လက်ရှိတွင် ဖြစ်ပေါ်နေပြီး၊ ရွှေ့ပြောင်းခြင်းမပြုမီအချိန်တွင်သော်လည်းကောင်း၊ ရွှေ့ပြောင်းနေစဉ်အတွင်းတွင်သော်လည်းကောင်း၊ UNHCR မှ တိုက်ရိုက်သိရှိခြင်းနှင့် ထောက်ပံ့ကူညီခြင်းမျိုးမပါဘဲ ဒုက္ခသည်များကိုယ်တိုင် မိမိအစီအစဉ်ဖြင့်နေရပ်ပြန်ခြင်းပင်ဖြစ်သည်။

- **ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်း**သည် လက်ရှိတွင် ဖြစ်ပေါ်နေပြီဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း၊ စခန်းထဲမှ မထွက်ခွာမီ သတင်းအချက်အလက်များပေးခြင်း၊ ကနဦးပြန်လည်ထူထောင်ရေးနှင့် ခရီးစဉ်အတွက် အထောက်အပံ့ပေးခြင်းများ အပါအဝင် သီးသန့်အကူအညီလိုအပ်နေသောသူများ(PSNs)[2] အတွက် အကူအညီပေးခြင်းများ စသည်ဖြင့် UNHCR မှ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်မှုများ ပါဝင်ပါသည်။ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းအတွက် UNHCR ၏ ပါဝင်ဆောင်ရွက်မှုများသည် နေရာဒေသတစ်ခု၏ အခြေအနေများအပေါ် ဆန်းစစ်လေ့လာထားမှုများနှင့် အဓိကစံအမှတ်များ ပြည့်မီမှုရှိခြင်းအပေါ် မူတည်ပါသည်။

- **စေ့ဆော်အားပေးမှုဖြင့်နေရပ်ပြန်ခြင်း**သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတလျှောက် အခြေအနေအရပ်ရပ်သည် ဒုက္ခသည် အမြောက်အများ ပြန်လာရန်အတွက် သင့်တော်သောအချိန် ကျရောက်လာသောအခါ မူရင်းနိုင်ငံ၊ ခိုလှုံနေသောနိုင်ငံနှင့် UNHCR တို့မှ တရားဝင်

---

[2] PSNs များမှာ မိဘ၊ အုပ်ထိန်းသူမရှိသောကလေးများ သို့မဟုတ် မိဘ၊အုပ်ထိန်းသူနှင့် ကွဲကွာနေသည့် ကလေးသူငယ်များ၊ အထီးကျန် အိမ်ထောင်ဦးစီးများ၊ မိသားစုအထောက်အကူ မရရှိသည့် သက်ကြီးရွယ်အိုများ၊ ကာလကြာရှည်စွာနာမကျန်းဖြစ်နေသူများ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ၊စိတ်ဒဏ်ရာ၊အနာတရများဖြင့် သက်ရှင်ကျန်ရစ် နေသူများ စသည်တို့ပါဝင်ပါသည်။ လူနည်းစုဘာသာရေးအဖွဲ့ငယ်များသည်လည်း ယင်းတို့နေရပ်ပြန်ခြင်းအတွက် အထူးစောင့်ရှောက်ပြုစုခြင်းနှင့် အာရုံစိုက်ခြင်းကိုလည်းလိုအပ်ပါသည်။

မူဘောင်ရေးဆွဲခြင်း ချမှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်မှုတို့မှ ဖြစ်ပေါ် လာမည်ဖြစ်သည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ ပြန်လာနိုင်ခြေရှိသည့် အရပ်ဒေသများရှိ အထူးသဖြင့် ရှုပ်ထွေးပြီး မတူညီကွဲပြားမှုများရှိနေသည့် အခြေအနေများ၌ "ထိခိုက်မှုမဖြစ်စေရေး" ဟူသောမူကို လုပ်ငန်းတွင် ထည့်သွင်းစဉ်းစား လုပ်ဆောင်သွားမည်ဖြစ်သည်။ UNHCR ၏ မဟာဗျူဟာမြောက်လမ်းပြမြေပုံသည် နေရပ်ပြန်ဒုက္ခသည်များကိုသာ ရွေးချယ်ဖော်ထုတ်ရန် မရည်ရွယ်ပါ။ အမှန်အားဖြင့်ဆိုရသော် ထိုပြန်လာနိုင်ခြေရှိသည့်အရပ်ဒေသများတွင် နေထိုင်လျှက်ရှိသော ဒေသခံများ၏ ထိခိုက်လွယ်၍ မိမိကိုယ်မိမိကာကွယ်နိုင်စွမ်းနည်းပါးခြင်းတို့ကို သိရှိနားလည်သဘောပေါက်ထားလျှက်၊ ယင်းရပ်ရွာလူထု၏ လတ်တလောလိုအပ်ချက်များနှင့်ပတ်သတ်ပြီး ရပ်ရွာအတွင်းရှိ ရှိရင်းစွဲ ရိုင်းပင်းကူညီမှုယန္တရားများကို ပိုမိုအားကောင်းစေခြင်း စသည့် ရပ်ရွာအခြေပြု လုပ်ငန်း ဆောင်ရွက်မှုစနစ်ကို အသုံးချလုပ်ဆောင်သွားမည်ဖြစ်သည်။

## အခန်း(၂)။ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း၌ အထောက်အကူပေးရေးလုပ်ငန်းတွင် UNHCR မှ ပါဝင်ပတ်သတ်မှုအတွက် အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသည့် အနေအထားနှင့် စံအမှတ်များ

နိုင်ငံရေးနှင့် လူမှုစီးပွားရေးအခြေအနေများသည် ၂၀၁၇ ခုနှစ်တွင် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု မှန်းဆရပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) သော်လည်းကောင်း သို့တည်းမဟုတ် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့ခြင်းကသော်လည်းကောင်း အလုံးအရင်းဖြင့် နေရပ်ပြန်ရေးအတွက် အစပြုသည့် အကြောင်းတရားဖြစ်လာမည်ဟု မျှော်လင့်၍ မရနိုင်သော်လည်း ဖြစ်စဉ် နှစ်ခုစလုံးသည် မြန်မာနိုင်ငံ၏ အလုံးစုံပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းတိုးပွားလာရန်အတွက် မျှော်လင့်ချက်များနှင့် ယုံကြည်မှုတည်ဆောက်ပေးနိုင်ရန် အထောက်အကူဖြစ်စေခဲ့ပါသည်။ UNHCR အနေဖြင့် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား အထောက်အကူပေးရေးအတွက် မည်သို့ကန့်သတ်ချက်နှင့် အခြေအနေများအပေါ် လုပ်ဆောင်ရန် မြန်မာနိုင်ငံအစိုးရ၊ ထိုင်းနိုင်ငံအစိုးရ၊ ဒုက္ခသည်များနှင့် ပါဝင်ပတ်သတ်သူတို့နှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ကူညီဆောင်ရွက်ပေးမှုဖြင့် နေရပ်ပြန်ခြင်းများသည် ၂၀၁၆ ခုနှစ်အတွင်းနှင့် ၂၀၁၇ ခုနှစ်အတွင်းတွင် ဖြစ်လာမည်ဟုမျှော်လင့်ရပါသည်။ ဒုက္ခသည်တစ်ဦးချင်းမှသော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့လိုက်ပြန်မည့် အုပ်စုငယ်များမှသော်လည်းကောင်း ကြိုတင်အတိအကျဖော်ပြထားသည့်နေများသို့ ပြန်ရန်ရည်ရွယ်သည့် သူတို့၏သဘောထားကို ပြတ်ပြတ်သားသား တင်ပြဖော်ထုတ်မှုများအား UNHCR မှ လက်ခံရရှိထားခဲ့ပြီဖြစ်ပါသည်။ ခရီးလမ်း၊ အစားအစာနှင့် ကနဦးပြန်လည်ထူထောင်ရေးတို့အတွက် အထောက်အပံ့များပါဝင်သော ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် နေရပ်ပြန်ခြင်းအား အစပြုလိုက်သည်နှင့်တပြိုင်နက်၊ မိမိအစီအစဉ်ဖြင့် ဆန္ဒအလျောက်နေရပ်ပြန်လာသည့်နှုန်းမှာ လျော့ကျလာနိုင်ခြေရှိသည့်အလျောက် ဒုက္ခသည်များ၏ နေရပ်ပြန်သည့်ပုံစံမှာ ပြောင်းလဲဖြစ်ပေါ် လာနိုင်ပါသည်။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်အသိုင်းအဝိုင်း၏ အစီရင်ခံစာများနှင့် မြန်မာနိုင်ငံရှိ UNHCR ရုံး၏ ကွင်းဆင်းလေ့လာစောင့်ကြည့်မှုများအရ ဆန္ဒအလျောက် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သည့်သူအရေအတွက်မှာ ၁၀,၀၀၀ ကျော်ခဲ့ပြီးဖြစ်ပါသည်။ UNHCR မှ ဒုက္ခသည်များနေရပ်ပြန်ခြင်းအားလုံးကို စောင့်ကြည့်လေ့လာပြီး မှတ်တမ်းတင်သွားမည်ဖြစ်သည် (မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်သော်လည်းကောင်း) ဆက်လက်စောင့်ကြည့် လေ့လာပြီး မှတ်တမ်းတင်သွားမည်ဖြစ်သည်။

ဒုက္ခသည်အများစုသည် မိမိ၏မူရင်းနေထိုင်ခဲ့သည့်နေရာ အတိအကျမဟုတ်သည့်တိုင်အောင် မိမိ၏မူလနေရင်းမြို့နယ်များသို့ ပြန်လာမည်ဟု အဓိကယူဆထားပါသည်။ ပြန်လာမည့်နေရာဒေသများမှာ မြို့ပြအရပ်များ၊ ကျေးလက်ရွာများနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များ၏ နေရာသစ်များ စသည်ဖြင့် ခြားနားလိမ့်မည်ဖြစ်သည်။ ရေရှည်တည်တံ့သော ပြန်လာခြင်းမျိုးဖြစ်ရန် နေရပ်ပြန်လာသူတို့၏ စားဝတ်နေရေးအတွက် မြေယာရရှိရေးကိစ္စသည် အဓိက စိန်ခေါ်မှုအဖြစ် ဖြေရှင်းပေးရပါမည်။ စိုက်ပျိုးရာသီချိန်နှင့် ကလေးများကျောင်းတက်ချိန်ကဲ့သို့သော အကြောင်းအရင်းများသည်လည်း အချိန်အပိုင်းအခြားကာလအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

IDPs များနေရပ်ပြန်လာရန်အတွက်လည်း ယင်းနှင့်အလားသဏ္ဍာန်တူပါသည်။ သို့ရာတွင် IDPs အတော်များများသည် ၎င်းတို့လက်ရှိ အခြေကျနေထိုင်လျှက်ရှိသော နေရာများတွင် ရေရှည်တည်တံ့ခိုင်မြဲသောအဖြေများ တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့၏ လိုအပ်ချက်များသည် သိသာထင်ရှားပြီး ထိခိုက်နစ်နာလွယ်သော အခြေအနေတွင် ဆက်လက်ရှိနေပါသော်လည်း ယင်းလိုအပ်ချက်များသည် ဒေသခံကျေးရွာသူ ကျေးရွာသားများ၏ လိုအပ်ချက်များနှင့် ကွဲပြားခြားနားမှုမရှိပါ။ ၎င်းတို့၏လိုအပ်ချက်များသည် ယင်းနေထိုင်ရာဒေသအတွင်းရှိ လူမှုစီးပွားရေးအခြေအနေနှင့် ကာကွယ်စောင့်ရှောက်မှုအခြေအနေများကို ရောင်ပြန်ထင်ဟပ်ခြင်းဖြစ်ပါသည်။

**စံသတ်မှတ်ချက်များ**

ပြန်သွားမည့်နေရာဒေသအတိအကျ၌ စံအမှတ်များပြည့်မီသွားသည့်အချိန်တွင် ဒုက္ခသည်များကိုယ်တိုင် တောင်းခံလာသည့်အပေါ် **မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို** ကိစ္စရပ်တစ်ခုချင်းစီအလိုက် UNHCR မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား ကူညီဆောင်ရွက်ပေးရာတွင် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့မှ သဘောတူညီရန်လိုအပ်ပြီး ယင်းနေရပ်သို့ပြန်ခြင်းသည် မိမိဆန္ဒအလျောက်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း စိစစ်ရန်အတွက် UNHCR မှ သီးသန့်တွေ့ဆုံမေးမြန်းမည်ဖြစ်ပြီး Voluntary Repatriation Form (VRF)[3] ခေါ် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းပုံစံ ကို အသုံးပြုထားသည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုအလိုက် နေရပ်ပြန်ခြင်း အစီအစဉ်များတွင် အောက်ပါအဓိက အချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

၁။ UNHCR ဆန်းစစ်လေ့လာမှုများမှ ပြန်လာမည့်အရပ်ဒေသတွင် သိသာထင်ရှားသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအန္တရယ်မရှိကြောင်း အတည်ပြုပြီးဖြစ်ခြင်း။

၂။ မြေမြှုပ်မိုင်းများရှိသည့် နေရပ်ပြန်ဒေသများကို မြေမြှုပ်မိုင်းများရှိကြောင်း အသိပေးခြင်းနှင့် မြေမြှုပ်မိုင်းအန္တရယ်ပညာပေးသင်တန်းများ (MRE) ပို့ချပေးခြင်း။

၃။ လိုအပ်သော နောက်ဆက်တွဲ အထောက်အပံ့များနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ပြုလုပ်နိုင်ရန်အတွက် ယင်းနေရပ်ပြန်ဒေသများသို့ UNHCR နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများမှ သွားရောက်နိုင်ခြင်း။

၄။ နေရပ်ပြန်ခြင်းသည် ခေါင်းပုံဖြတ်မှုပါဝင်သော အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းဖြစ်ကြောင်း အထောက်အထားများမရှိခြင်း။

၅။ နေရပ်ပြန်ဒေသသည် ယာယီသဘောမျိုးမဟုတ်ပဲ အတည်တကျ အခြေချနေထိုင်နိုင်ခြင်း။

၆။ ရေရှည်တည်တံ့ခိုင်မြဲသောနေရပ်ပြန်ခြင်းဖြစ်စေရန်အတွက် ဒုက္ခသည်များ၊ ဒေသခံ ကျေးရွာလူထုများ၊ ဒေသခံအာဏာပိုင်များနှင့် တိုင်ပင်ပြီး၊ အထူးသဖြင့် မြေယာလုပ်ကိုင်ခွင့်များနှင့် အသက်မွေးဝမ်းကြောင်းများအတွက် အခွင့်အလမ်း များကို အလေးထားသည့် နေရပ်ပြန်ခြင်း အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ခြင်း။

၇။ အကယ်၍ မြေယာခွဲဝေသတ်မှတ်ပြီးဖြစ်ပါက မြေယာလုပ်ကိုင်ခွင့်နှင့်ပတ်သတ်၍ ပြန်လာသူဒုက္ခသည်များအတွက် ယင်းဒေသတွင်း လုပ်ဆောင်လျှက်ရှိသော တရားဝင်လုပ်ထုံးလုပ်နည်းများအတိုင်း သို့မဟုတ် အလွတ်သဘောစီမံမှုများအတိုင်း ဒုက္ခသည်များ၏ မြေယာလုပ်ပိုင်ခွင့်ကို အာမခံပေးခြင်း။

**စေ့ဆော်အားပေးမှုဖြင့် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်း** ကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တလျှောက်ရှိ ယေဘုယျအခြေအနေဖြင့် ဥပဒေရေးရာဆိုင်ရာလုံခြုံစိတ်ချမှု၊ ရုပ်ဝတ္ထုဆိုင်ရာ ဘေးကင်းလုံခြုံမှု နှင့် ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုများမှာ ဒုက္ခသည်အများစု နေရပ်ပြန်ရန် သင့်တော်သော အခြေအနေကောင်း ဖြစ်လာမှသာလျှင် UNHCR မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

---

[3] VRF ပုံစံကို ဒုက္ခသည်များမှ နေရပ်ပြန်ရန် မိမိဆန္ဒအလျောက်လွတ်လပ်စွာ ဆုံးဖြတ်ချက်ချခြင်းဖြစ်ကြောင်း မှတ်တမ်းပြုစုရန်နှင့် စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်းနှင့် နေရပ်ပြန်ရာတွင် ပံ့ပိုးမှုများပြုလုပ်နိုင်ရန်အတွက် အဓိက သတင်းအချက်အလက်များကို အတည်ပြုရန် UNHCR မှအသုံးပြုပါသည်။

အထူးသဖြင့် အောက်ပါစံအမှတ်များနှင့် ပြည့်မီရမည်ဟု မျှော်မှန်းထားပါသည်။

- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် သို့မဟုတ် အခြားရေရှည်တည်တံ့ခိုင်မြဲသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များအား လက်မှတ်ရေးထိုးပြီးဖြစ်ခြင်း။
- လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြီးစီးဖြစ်ခြင်း။
- UNHCR နှင့် လူသားချင်းစာနာထောက်ထားသောလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာခြင်းနှင့် ပံ့ပိုးပေးခြင်းများပြု လုပ်ရန်အတွက် နေရပ်ပြန်ဒေသများသို့ အတားအဆီးမရှိ သွားရောက်နိုင်ခြင်း။
- မြေမြှုပ်မိုင်းဆိုင်ရာလုပ်ရှားဆောင်ရွက်မှုအတွက် မူဘောင်ထားရှိခြင်းနှင့် မြေမြှုပ်မိုင်းအန္တရာယ် ပညာပေးသင်တန်းများ(MRE) ပြုလုပ်ပေးခြင်း။
- နေရပ်ပြန်လာသောဒုက္ခသည်များအတွက် နိုင်ငံတော်ကာကွယ်စောင့်ရှောက်မှုကို ခိုင်မာလာစေသည့် သုံးပွင့်ဆိုင်သဘောတူညီမှုတစ်ရပ်ကို ရရှိထားပြီးဖြစ်ခြင်း။

## အခန်း(၃)။ လုပ်ငန်းဆောင်ရွက်မှုအတွက် မူဘောင်

**ရည်မှန်းချက်ပန်းတိုင် –** နေရပ်ပြန်ရန် ရွေးချယ်သူ ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များမှ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိရှိဖြင့် မိမိသဘောဆန္ဒအလျောက် နေရပ်ပြန်လာနိုင်ရန်ဖြစ်ပြီး လက်ခံမည့်ရပ်ရွာလူထုနှင့် မိမိကိုယ်ကို ကာကွယ်နိုင်မှုနည်းပါးပြီး ထိခိုက်လွယ်သည့် IDPs များ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထား၍ ဒေသတွင်း အတူတကွ ရေရှည်ဝင်ဆံ့ပေါင်းသင်းဆက်ဆံ နေထိုင်နိုင်ရန်အတွက်ဖြစ်သည်။

**ဗျူဟာမြောက်မဏ္ဍိုင်များ –** ယင်းမဏ္ဍိုင်များကို အဆင့်လိုက် မိတ်ဆက်သွားပြီး အချိန်အတိုင်းအတာတစ်ခုအထိ ပြိုင်တူ လုပ်ဆောင်ခြင်း၊ ထို့နောက်တွင် အဆင့်အလိုက်ရပ်စဲခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုမဏ္ဍိုင်များမှာ အချိန်အခါအလိုက်ပြောင်းလဲနေသည့် အချိန်နှင့်နေရာဒေသအပေါ် အခြေခံပြီး ပြင်ဆင်ရေးဆွဲနိုင်သည့် မဏ္ဍိုင်များဖြစ်ပြီး ယင်းတို့ကို ရပ်ရွာလူထု တစ်ရပ်လုံး အကျိုးခံစားရစေရန် စီမံရေးဆွဲထားပါသည်။ နေရပ်ပြန်ဒုက္ခသည်များ ရှိနေသည့်နေရာတွင် နေရပ်ပြန် IDPs များအတွက်လည်း စုပေါင်းအခြေချနိုင်ပါသည်။

## မဏ္ဍိုင် ၁။ ကြိုတင်ပြင်ဆင်မှု

ဤမဏ္ဍိုင်အား ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းလုပ်ငန်းစဉ် လုပ်ဆောင်နေစဉ် ကာလတစ်လျှောက် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် လုပ်ဆောင်မည့် အဓိကကျသည့်လုပ်ငန်းကဏ္ဍတွင် ဒုက္ခသည်ခေါင်းဆောင်များနှင့် ဒုက္ခသည်များကိုသော်လည်းကောင်း၊ ဒုက္ခသည်တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အိမ်ထောင်စုအလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း တိုင်ပင်ညှိနှိုင်းမှုများ တောက်လျှောက်ပြုလုပ်ခြင်းများ ပါဝင်သည်။ နေရပ်ပြန်လည်အခြေချခြင်းနှင့်ပတ်သတ်၍ UNHCR မှ အဖွဲ့လိုက်ဆွေးနွေးခြင်းများကို ဦးတည်ထားပြုလုပ်မည်ဖြစ်ပြီး ဒုက္ခသည်များ၏ မေးခွန်းများကိုလည်း ဖြေကြားပေးမည်ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းအထောက်အကူပြုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံအစိုးရနှင့် UNHCR တို့မှ ဒုက္ခသည်လူဦးရေအား

အတည်ပြုခြင်းမှ ရရှိလာသောရလဒ်နှင့်တကွ နေရပ်ပြန်ဖို့ အထောက်အပံ့များပေးနိုင်ရန် UNHCR ၏ အီလက်ထရွန်းနစ်ကဒ်များကို အသုံးပြုခြင်းစသည်ကဲ့သို့ရလဒ်များနှင့် Mae Fah Luang Foundation မှ ကောက်ယူခဲ့သော UNHCR ဒုက္ခသည်များဆိုင်ရာ ကိန်းဂဏန်းသုံးသပ်ချက် ရလဒ်များသည် လူသားချင်းဆိုင်ရာ ထောက်ထားရေးနှင့် နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်အပေါ် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်တွင် အမျိုးမျိုးသော လူထုအခြေစိုက်စီမံကိန်းများ၊ ဦးစားပေးအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ- သက်ဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေရပ်ပြန်သည့်နေရာဒေသများတွင် ယင်းတို့၏လက်ခံနိုင်စွမ်းအားကို မြှင့်တင်ရန်ရည်ရွယ်သည်။ အရပ်ဖက်စာရွက်စာတမ်းများရှိမှု၊ အိမ်ရာ၊ မြေယာနှင့်ပစ္စည်းဥစ္စာ၊ လုံခြုံစိတ်ချရမှုနှင့် ဘေးကင်းမှုစသည်တို့ကို အခိုင်အမာကာကွယ်စောင့်ရှောက်မှု ရရှိရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် မြို့နယ်အဆင့်ရှိ အစိုးရအရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၎င်းတို့နှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများ၊ NGOs နှင့် အရပ်ဖက်အဖွဲ့အစည်းများအား သင်တန်းများပေးမည်ဖြစ်သည်။ နေရပ်ပြန်သူများအတွက် အခြားအရာများအကြား အရပ်သားများရရှိနိုင်သည့် ဝန်ဆောင်မှုများကို အများနှင့်တန်းတူညီတူရရှိစေရန်လည်း UNHCR မှ ဆောင်ရွက်ပေးပြီး ပြန်လည်ပေါင်းစည်းဝင်ဆံ့ရေးဗျူဟာသည် ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ချမှတ်ခဲ့သော နေရပ်ပြန်ခြင်းအား စောင့်ကြည့်လေ့လာမှုစနစ်အပေါ် ဗဟိုပြုမည်ဖြစ်သည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ UNHCR သတင်းအချက်အလက် စီမံခန့်ခွဲမှုဌာနများသည် ဒုက္ခသည်များအား ပြည့်စုံမှန်ကန်၍ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို ပေးအပ်နိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ "သွားရောက် လေ့လာကြည့်ရှုခြင်း အလည်အပတ်အစီအစဉ်များ" ကို UNHCR နှင့် အခြားပတ်သတ်ဆက်နွယ်သူများ၏ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့် ရေရှည်တည်တံ့သော ဖြေရှင်းချက်များနှင့်ဆိုင်သော လုပ်ငန်းနှစ်ခုစလုံးအတွက် မူဝါဒစာတမ်းများနှင့် လမ်းညွှန်မှတ်စုများကို ရေးဆွဲလာခဲ့ပြီးဖြစ်ရာ ၎င်းတို့အား ဖြန့်ဝေခြင်းနှင့် ဖြည့်စွက်ရေးသားခြင်းများကို လိုအပ်သလို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်း ယခင်ကပြုလုပ်ခဲ့သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်တာရှည်ခံသည့်ဖြေရှင်းချက်များဆိုင်ရာ သင်ယူလေ့လာမှုများနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာစေခြင်းနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် လေ့လာတွေ့ရှိချက်များ စသည့် သီးခြားသုတေသန စာတမ်းနှစ်စောင်ကို ပုံနှိပ်ဖြန့်ချီခဲ့ပါသည်။ ဤသုတေသနစာတမ်းများကို အဖွဲ့အစည်းအတွင်းရှိ အကြံပေးပုဂ္ဂိုလ်များမှ နေရပ်ပြန်လာခြင်းအပေါ် သက်ရောက်မှုရှိသော အဓိကသော့ချက်သုံးရပ်ဖြစ်သည့် အိမ်ယာ အဆောက်အဦး၊ အသက်မွေးဝမ်းကြောင်း နှင့် အိမ်ခြံမြေပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်သုံးသပ်ထားပါသည်။

ပါဝင်သူအဖွဲ့အစည်းများအတွင်း အစည်းအဝေးများအပါအဝင် ထိုင်းနိုင်ငံ၌ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို ပံ့ပိုးဆောင်ရွက်ပေးရန်အတွက် ညှိနှိုင်းရေးယန္တယားကြီးတွင် အလှူရှင်နှင့်လူသားချင်းဆိုင်ရာစာနာထောက်ထားမှုအဖွဲ့ လုပ်ငန်းဆောင်ရွက်ဖက်အဖွဲ့ (DHA-WG) တို့ပါဝင်ပါသည်။ ထိုညှိနှိုင်းရေးအဖွဲ့များအား ထိုင်းနိုင်ငံရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများကို ထိုင်းနိုင်ငံရှိ ဝန်ဆောင်မှုများဆိုင်ရာညှိနှိုင်းမှုကော်မတီ (CCSDPT) နှင့် UNHCR တို့၏ ပူးပေါင်းအကောင်အထည်ဖော် စတင်မှုမှဖြစ်ပေါ်လာသော ပါဝင်ဆက်နွယ်သူများ အစည်းအဝေးနှင့် CCSDPT ၏ ကဏ္ဍအလိုက်ဖွဲ့စည်းထားသော လုပ်ငန်းဆောင်ရွက်ဖက်အဖွဲ့များက အားဖြည့်ထားပါသည်။ UNHCR သည် သက်ဆိုင်သော ပတ်သတ်ဆက်နွယ်သူများနှင့် အမျိုးသားအဆင့် နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ရှိ နေရပ်ပြန်ခြင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးယန္တယားကို အားကောင်းအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤလုပ်ဆောင်မှုသည် လက်ရှိလုပ်ဆောင်နေသော အရှေ့တောင်ပိုင်းညှိနှိုင်းဆွေးနွေးခြင်းကဲ့သို့သော ယန္တယားကြီးအပေါ်တွင် အခြေခံတည်ဆောက်ပြီး ထိုမှတဖန် မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ဒုက္ခသည်/ နေရပ်ပြန်ဒုက္ခသည်ကိုယ်စားလှယ်များ ပါဝင်လာစေမည့် ပိုမိုကျယ်ပြန့်သော မူဝါဒလမ်းစဉ်အထိ ချိတ်ဆက်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

UNHCR မှ တရားဝင်မူဘောင်တစ်ရပ်ဖြစ်ပေါ် လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်၊ ယင်းမူဘောင်သည် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား စေ့ဆော်အားပေးရန် အခြေခံဖြစ်လာမည့် ထိုင်းအစိုးရ၊ မြန်မာအစိုးရနှင့် UNHCR တို့ပါဝင်သည့် သုံးပွင့်ဆိုင်သဘောတူညီချက်တစ်ရပ်ဖြစ်ပါသည်။

## မဏ္ဍိုင် ၂။ ဆန္ဒအလျောက် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများအား အထောက်အပံ့ပေးခြင်း

ဒုက္ခသည်များ ဆန္ဒအလျောက် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်ခြင်းနှုန်းသည် ခန့်မှန်းခြေအားဖြင့် (၁၀,၀၀၀) ခန့်သာ နေရပ်ပြန်လာချိန်တွင် IDPs များသည် ဆန္ဒအလျောက် မိမိအစီအစဉ်ဖြင့် အမြောက်အများ နေရပ်ပြန်လာခဲ့ပြီးဖြစ်သည်။ UNHCR သည် နေရပ်ပြန်လာသူများအား စောင့်ကြည့်လေ့လာခြင်းစနစ်မှတဆင့် IDPs များနှင့် ဒုက္ခသည်များ ပြန်လာနေထိုင်ခဲ့သောနေရာ (၁၆၃) နေရာအား တွေ့ရှိအတည်ပြု နိုင်ခဲ့ပါသည်။ ထိုနေရပ်ပြန်များအား တွေ့ရှိအတည်ပြုခဲ့သောနေရာများသို့ လူထုအခြေပြု ပံ့ပိုးမှုအစီအစဉ်များအား ဦးစားပေးလုပ်ဆောင်ခြင်းများနှင့် အစားအသောက်မဟုတ်သောပစ္စည်းများ(NFI) ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းသို့လုပ်ဆောင်ခြင်းမှာ ဒုက္ခသည်များ၏ရွေးချယ်မှုများနှင့် ကျေးရွာလူထု တစ်ရပ်လုံးအား အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်သည်သာမက အခြားတဖက်တွင်လည်း နေရပ်ပြန်ရန် စဉ်းစားမည့်သူများအတွက်လည်း စိတ်ချယုံကြည်မှုကို တည်ဆောက်ပေးရန် ဖြစ်သည်။ အတည်ပြုပြီးသော နေရပ်ပြန်နေရာဒေသများ တိုးလာသည်နှင့်အမျှ အထောက်အပံ့များကိုလည်း တိုးချဲ့ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

နေရပ်ပြန်သူများအတွက် UNHCR ၏လူထုအခြေပြု ကူညီပံ့ပိုးမှုသည် ယခင်နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်း မရှိခဲ့သည့် ရပ်ရွာလူထုများအတွက်ပါ အကျိုးဖြစ်ထွန်းစေပြီး၊ ထိုအတည်ပြုပြီးသော နေရပ်ပြန် ကျေးရွာများတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကိုလည်း အထောက်အကူပြုပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် UNHCR သည် လူထုအခြေပြု စီမံချက်များဖြစ်ကြသော ရေကောင်းရေသန့်ရရှိရန် ဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အဦးများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ဘဝအတွက်တာကျွမ်းကျင်စရာသင်တန်းများကို နေရပ်ပြန်ဒေသအတော်များများတွင် ဆောင်ရွက်ပေးခဲ့ပါသည်။ ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံ လုပ်ကိုင်ဆောင်ရွက်စဉ် ကာလတလျှောက်လုံးတွင် လူထုအခြေပြု စောင့်ရှောက်မှုကို အားပေးခဲ့ပြီး ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် နေရပ်ပြန်ခြင်း နှင့် စေ့ဆော်အားပေးမှုဖြင့် နေရပ်ပြန်ခြင်းအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည့် အချိန်တွင်လည်း ဤစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

UNHCR သည် စေ့ဆော်အားပေးမှုဖြင့် နေရပ်ပြန်ခြင်းကို မစတင်မီအချိန်ထိ နေရပ်ပြန်ခြင်းအား စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ် မှတဆင့် အတည်ပြုပြီးသော ဆန္ဒအလျောက် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်လာကြသော နေရာများတွင် အထောက်အပံ့ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ စေ့ဆော်အားပေးမှုဖြင့်နေရပ်ပြန်ခြင်းကို စတင်ချိန်တွင် ဒုက္ခသည်များ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်နှုန်းသည် သိသာထင်ရှားစွာ ကျဆင်းလာဖွယ်ရှိသည်ဟု မှန်းဆရပါသည်။ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သည့် IDP များသည် ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်းနှင့် စေ့ဆော်အားပေးမှုဖြင့်နေရပ်ပြန်ခြင်း ကာလတလျှောက် ဆက်လက်ဖြစ်ပေါ် နေမည်ဟုမျှော်မှန်းရပြီး၊ ယင်းတို့သည် လူထုအခြေပြု အထောက်အပံ့များကို ဆက်လက် ရရှိမည်ဖြစ်သည်။

## မဏ္ဍိုင် ၃။ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား ကူညီဆောင်ရွက်ပေးခြင်း

မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းများအတွက် ကူညီဆောင်ရွက်ပေးမှု စတင်ရန် စံသတ်မှတ်ချက်များကို အခန်း- ၂ တွင် ဖော်ပြထားပါသည်။ ထိုစံသတ်မှတ်ချက်များနှင့်အတူ နေရာတစ်နေရာသို့ နေရပ်ပြန်ရန် ကူညီဆောင်ရွက်ပေးခြင်းမပြုမီ ရှိနှင့်ထားရမည့် အခြေအနေများကိုလည်း ဖော်ပြထားပါသည်။ ကူညီဆောင်ရွက်ပေးခြင်းကို တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ကြို တင်ပြင်ဆင်ခြင်းလုပ်ငန်းတွင် ဒုက္ခသည်စခန်းအဆင့်၌ တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးခြင်းနှင့် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းဖြစ်ကြောင်း အတည်ပြု ခြင်းတို့ကို ဆောင်ရွက်ခြင်း၊ ထိခိုက်နစ်နာလွယ်သောပုဂ္ဂို လ်များကို ဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်း၊ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းပုံစံ (VRF) ထုတ်ပေးခြင်း၊ RTG-UNHCR တို့၏ ဒုက္ခသည်အရေအတွက်အား အတည်ပြု ခြင်းလုပ်ငန်းစဉ်အတွင်း ထုတ်ပေးသည့် အီလက်ထရွန်းနစ်ကဒ်ပြားကို ပြင်ဆင်ခြင်းတို့ ပါဝင်ပါသည်။

ဒုက္ခသည်များ နေရပ်သို့ပြန်လည်မထွက်ခွာမီ ပေးအပ်မည့် အထောက်အပံ့သည် တစ်ဦးချင်းနှင့် မိသားစုအဆင့် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း၊ တစ်ဦးချင်းအလိုက် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းဖြစ်ကြောင်း စိစစ်အတည်ပြု ခြင်းနှင့် အခန်း(၂)တွင် ဖော်ပြထားခဲ့သော အခြေအနေများ ရရှိပြီးသည်ကို သေချာစေခြင်းတို့ကို ဦးတည်လုပ်ဆောင်မည်ဖြစ်သည်။ သီးသန့်အကူအညီလိုအပ်နေသောသူများအား လွှဲပြောင်းပေးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများကို ဆောင်ရွက်ပါမည်။ မိသားစုနှင့်ကွဲကွာသွားပြီး အဖော်မဲ့နေသောကလေးများ (UASCs) ၏ မိသားစုများအား ခြေရာခံခြင်း၊ ကျန်းမာရေးမိတ်ဖက်အဖွဲ့အစည်းများသို့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လွှဲပြောင်းပေးခြင်း ( ဥပမာ - ကာကွယ်ဆေးထိုးခြင်း၊ ကြားကာလတွင် ဆေးဝါးများထောက်ပံ့ပေးခြင်း၊ ကုသခြင်း )တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကို စီမံဆောင်ရွက်ရန်နှင့် ညှိနှိုင်းလုပ်ဆောင်ရန်အတွက် UNHCR သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကူအညီဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOPs)ကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်း အဆင့်တွင် ဒုက္ခသည်များအား အကူအညီ(၃)မျိုး ပေးအပ်မည်ဖြစ်ပါသည်။ နေရပ်ပြန်သူများသည် ၎င်းတို့၏သယ်ယူပို့ဆောင်ရေးစရိတ်ကို ကာမိစေမည့် ငွေသား ထောက်ပံ့မှုရရှိမည်ဖြစ်သည်။ မိမိတိုင်းပြည်မှ နှစ်ပေါင်းများစွာ ခွဲခွာနေထိုင်ပြီးနောက် နေရပ်ပြန်လာသောဒုက္ခသည်များ၏ မိမိတို့ပုဂ္ဂို လ်ရေးဆိုင်ရာ အသုံးအဆောင်များအား ပြန်လည်သယ်ဆောင်လိုကြမည်ဖြစ်သည့်အလျောက် သယ်ယူပို့ဆောင်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးရာတွင် ထိုကိစ္စအတွက်ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် ကနဦးပြန်လည်အခြေချမှုကုန်ကျစရိတ်များအတွက် အထောက်အကူဖြစ်စေရေးကို မျှော်မှန်းပြီး ကနဦးပြန်လည်ပေါင်းစည်းဝင်ဆံ့နိုင်ရန်အတွက် ငွေသားထောက်ပံ့မှုကို ပေးအပ်သွားမည်ဖြစ်ပါသည်။

တတိယအနေဖြင့် အစောပိုင်း(၃) လတာကာလအတွက် စားနပ်ရိက္ခာထောက်ပံ့မည်ဖြစ်ပြီး နေရပ်ပြန်လာသောဒေသ၏ စားနပ်ရိက္ခာဖူလုံဆန်းစစ်တွေ့ရှိချက်ပေါ် မူတည်၍ ထောက်ပံ့မှုကို မြန်မာနိုင်ငံဘက်မှ ထပ်မံပေးအပ်မည်ဖြစ်ပါသည်။ UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် စားနပ်ရိက္ခာ ဖြန့်ဝေပေးခြင်းထက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် အထောက်အကူပေးခြင်းကို ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။

အထက်ဖော်ပြပါ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်း အဆင့်အတွက် အထောက်အပံ့များပေးခြင်းနောက်ပိုင်းတွင် ပြန်လည်ပေါင်းစည်းဝင်ဆံ့ရေးအတွက် UNHCR ၏ အထောက်အပံ့များသည် လူထုအခြေပြု လုပ်ဆောင်နည်းကို အသုံးပြု မည်ဖြစ်ပါသည်။ ဤလုပ်ဆောင်မှုသည် ကျေးရွာလူထုနှင့် နေရပ်ပြန်များနှင့် တိုင်ပင်လုပ်ဆောင်ခြင်းနှင့် သူတို့ပူးပေါင်းပါဝင်မှုကို အလေးပေးဆောင်ရွက်ပြီး အခြားတဖက်တွင်လည်း အထောက်အကူအချို့ပေးခြင်းကိုပါ ဆောင်ရွက်မည်ဖြစ်ပါသည်။

အုပ်စုလိုက်နေရပ်ပြန်မှုနှင့် ပတ်သတ်ဆက်နွယ်ပြီး လုပ်ဆောင်နေရသည့် အကြောင်းအရာနှင့် သဘောသဘာဝသည် ပြောင်းလဲနေသော အခြေအနေနှင့် သင့်လျော်မှုရှိကြောင်း သေချာမှုရှိစေရန်အတွက် ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်း အဆင့်တလျောက်လုံးတွင် စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဇွန်လမှ စတင်ခဲ့သော UNHCR ၏ နေရပ်ပြန်သူများအား စောင့်ကြည့်လေ့လာရေးစနစ်သည် နေရပ်ပြန်ဒေသများရှိ အဓိက သတင်းအချက်အလက်ပေးသူများနှင့် ရပ်ရွာလူထုအဆင့်ဆွေးနွေးပွဲများအပေါ် အဓိကထား အာရုံစိုက်ပါသည်။ အောက်ဖော်ပြပါ ကိစ္စရပ်များကို စောင့်ကြည့်လေ့လာခြင်းနှင့် အထောက်အပံ့ပေးခြင်းတို့အတွက် အထူးအာရုံစိုက် ဦးတည်ထားပါသည်။

- ရပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုရှိခြင်း၊
- အများပြည်သူနှင့်ဆိုင်သော စာရွက်စာတမ်းများရရှိရန် လက်လှမ်းမီခြင်း၊
- အိမ်ခြံမြေ ပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရန် အထောက်အကူပေးခြင်း၊
- အခြေခံဝန်ဆောင်မှုများကို တန်းတူညီမျှရရှိရန် အားပေးမြှင့်တင်ခြင်း၊
- အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား လက်လှမ်းမီလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများအား တိုးတက်လာစေခြင်း။

နေရပ်ပြန်လာသည့် ဒုက္ခသည်များမှာ မိမိဆန္ဒအလျောက် နေရပ်ပြန်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဒုက္ခသည်စခန်းမှ ထွက်ခွာလာပြီးနောက်တွင် ဒုက္ခသည်စခန်း၌ မှတ်ပုံတင်ထားခြင်းကို UNHCR နှင့် ထိုင်းနိုင်ငံအစိုးရတို့မှ ပယ်ဖျက်မည်ဖြစ်သည်။ စေ့ဆော်အားပေးမှုဖြင့် ဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို စတင်သည်နှင့်တပြိုင်နက် ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့်နေရပ်ပြန်ခြင်းကို ရပ်စဲမည်ဖြစ်သည်။

## မဏ္ဍိုင် ၄။ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား စေ့ဆော်အားပေးခြင်း

မိမိသဘောဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား စေ့ဆော်အားပေးခြင်းကို လက်ရှိအနေအထားနှင့် ဖြစ်ပေါ်နေသောအခြေအနေကို အဘက်ဘက်မှ ချင့်ချိန်ဆုံးဖြတ်မှုရလဒ်တို့အပေါ် မူတည်၍ ၂၀၁၇ ခုနှစ်အတွင်း စတင်ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားသည်။ သို့ရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများသည် ထူးခြားထင်ရှားသည့် ရှေ့သို့လှမ်းချီသည့် ခြေလှမ်းများဖြစ်သော်လည်း မဏ္ဍိုင်(၄)အတွင်းရှိ အခြားသော သတ်မှတ်ချက်များကို ကျေနပ်ဖွယ်ရာဖြစ်အောင်လုပ်ဆောင်ရန်အတွက် သိသာထင်ရှားသော အခြေခံလုပ်ဆောင်မှုများအား လုပ်ဆောင်ရန် လိုအပ်နေသေးသည်။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် နေရပ်ပြန်သူများအား ကူညီထောက်ပံ့ပေးရေးသည် အထက်ပါ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် နေရပ်ပြန်ရန် ဆောင်ရွက်ပေးသည့်အဆင့်တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး၊ တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးခြင်းနှင့် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဖြစ်ကြောင်းအတည်ပြုခြင်း၊ ထိခိုက်နစ်နာလွယ်သူများကို ဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်း၊ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းပုံစံ(VRF) ထုတ်ပေးခြင်းနှင့် အသုံးပြုခြင်းတို့ ပါဝင်မည်ဖြစ်သည်။ စေ့ဆော်အားပေးမှုအကြိုကာလနှင့် စေ့ဆော်အားပေးမှုပြုလုပ်နေသော ကာလများတွင် ဒုက္ခသည်များအား သတင်းအချက်အလက်ပေးခြင်း သိသိသာသာ တိုးမြှင့်လာဖွယ်ရှိသည်။

မြန်မာနှင့်ထိုင်း နှစ်ဘက်အာဏာပိုင်တို့အကြား စေ့စပ်ညှိနှိုင်းမှုပေါ်မူတည်၍ နေရပ်ပြန်သူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွင်းတွင် နယ်စပ်ဖြတ်ကျော်ဂိတ်(ရ)နေရာကို အသုံးပြုမည်ဖြစ်သည်။ နေရပ်ပြန်လာသူများ၏ အိမ်မွေးတိရစ္ဆာန်များ သယ်ယူပို့ဆောင်ခြင်းနှင့် ဆက်နွယ်သောကိစ္စရပ်များအပါအဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် လုပ်ရိုးလုပ်စဉ်များကို ဖြစ်နိုင်သမျှ ထိရောက်စွာ လုပ်ကိုင်ရန် လိုအပ်သည်။ နယ်စပ်ဖြတ်ကျော် ဂိတ် နေရာများမှာ-

၁။ Phu Nam Ron / ထီးခီး ( မြောက်လတ္တီတွဒ် ၁၃.၈၉၄၀၂ ၊ အရှေ့လောင်ဂျီတွဒ် ၉၉.၀၈၁၉၅)၊ ကန်ချနဘူရီမှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်သို့ ဝင်ပေါက်။

၂။ ဘုရားသုံးဆူ ( မြောက်လတ္တီတွဒ် ၁၅.၃၀၁၉၆ ၊ အရှေ့လောင်ဂျီတွဒ် ၉၈.၈၃၆၆) ၊ ဆန်ခလဘူရီမှ ကရင်ပြည်နယ် အရှေ့တောင်ဘက်သို့ ဝင်ပေါက်။

၃။ မဲဆောက်/ မြဝတီ ( မြောက်လတ္တီတွဒ် ၁၆.၆၉၀၉၁ ၊ အရှေ့လောင်ဂျီတွဒ် ၉၈.၅၁ရ၃၆)၊ တာ့ခ် မှ ကရင်ပြည်နယ် အရှေ့ဘက်ရှိ မြဝတီသို့ ဝင်ပေါက်။

၄။ Ban Sob Yuam / မာနယ်ပလော (မြောက်လတ္တီတွဒ် ၁၈.၅၈၈၀ ၊ အရှေ့လောင်ဂျီတွဒ် ၉၈.၅၄၂၄)၊ မဲ့စရီးယန်းမှ ကရင်ပြည်နယ်သို့ ဝင်ပေါက်။

၅။ Huay Ton Non/ Nam Mang ( မြောက်လတ္တီတွဒ် ၁၈.၅၅၅၆၅ ၊ အရှေ့လောင်ဂျီတွဒ် ၉၇.၅၅၂၉၁) မဲ့ဟောင်ဆောင်မှ ကယားပြည်နယ် ၊ ရှားတောမြို့သို့ ဝင်ပေါက်။

၆။ Ban Sob Moei/Tsu Moei Hta ( မြောက်လတ္တီတွဒ် ၁၇.၈၃၃၈၄ ၊ အရှေ့လောင်ဂျီတွဒ် ၉၇.၆၉၃၁၅)၊ မဲ့စရီးယန်းမှ ကရင်ပြည်နယ်သို့ အခြားဝင်ပေါက်တစ်ခု။

၇။ Ban Sob Moei /Tsu Moei Hta ( မြောက်လတ္တီတွဒ် ၁၉.၃၅၀၉၈၂ ၊ အရှေ့လောင်ဂျီတွဒ် ၉၇.၈၀၁၃၃၂)၊ မဲ့ဟောင်ဆောင်မှ ကယားပြည်နယ်၊ ရှားတောမြို့သို့ ဝင်ပေါက်။

အထက်ဖော်ပြပါ မဏ္ဍိုင်(၃)တွင် ဖော်ပြထားသည့်အတိုင်း မိမိတို့သဘောဆန္ဒအလျောက် နေရပ်ပြန်ရန် ဆုံးဖြတ်လိုက်သော ဒုက္ခသည်များသည် ဒုက္ခသည်စခန်းမှ ထွက်ခွာလာချိန်တွင် UNHCR နှင့် ထိုင်းအစိုးရတို့မှ ၎င်းတို့အား ဒုက္ခသည်စခန်းတွင် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်မည်ဖြစ်ပါသည်။

## မဏ္ဍိုင် ၅။ ပြန်လည်ပေါင်းစည်းဝင်ဆံ့ခြင်း နှင့် လုပ်ငန်းဆောင်ရွက်မှုများအား တဖြည်းဖြည်းရပ်စဲခြင်း

ပြန်လည်ပေါင်းစည်းဝင်ဆံ့ခြင်းအဆင့်တွင် UNHCR ဗျူဟာအရ အာရုံစိုက်လုပ်ဆောင်မှုသည် ဒေသရှိစွမ်းဆောင်ရည်များနှင့် ဝန်ဆောင်မှုပေးသူများ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားလျှက် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးပဏာမလုပ်ဆောင်ချက်များအကြား အချင်းချင်းဆက်သွယ်မှုရှိစေခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မည့် နည်းလမ်းများမှာ ပဋိပက္ခများနှင့် ပတ်သတ်၍ ထိလွယ်ရှလွယ်အခြေအနေကို သတိထားဆင်ခြင်သည့် နည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ၏ ဒေသအခြေအနေနှင့် ဆီလျော်မှုရှိရမည်ဖြစ်ပါသည်။ ရေရှည်တည်တံ့မည့် ပြန်လည်ပေါင်းစည်းဝင်ဆံ့ခြင်းသည် ပညာရေး၊ ကျန်းမာရေးနှင့် မြေယာစီမံခန့်ခွဲရေး နယ်ပယ်များတွင် နိုင်ငံတော်စနစ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စနစ်များကို သဘောတူဆုံမှတ်သို့ ရောက်ရှိစေခြင်းစသည့် ကိစ္စရပ်များအပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှုနှင့်ချိတ်ဆက်နေမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ တာရှည်ခံသည့် ဖြေရှင်းနည်းများဆိုင်ရာ မူဝါဒဆုံးဖြတ်ချက်နှင့်အညီ၊ ဌာနေညှိနှိုင်းရေးမှူးရုံး၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပိုမိုအားကောင်းလာရေးအတွက် UNHCR သည် ၎င်း၏လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လိုအပ်ချက်များအား ပူးတွဲဆန်းစစ်ခြင်း(JPNA)အပါအဝင် နိုင်ငံသားများ၏ ဦးဆောင်မှုဖြင့်ပြုလုပ်သောဆန်းစစ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းစဉ်များအတွက် UNHCR မှ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်ပေးသွားမည်ဖြစ်သည်။ ထို့အတူ ယင်းလုပ်ဆောင်မှုများအတွင်းတွင် IDPs နှင့် ဒုက္ခသည်များအတွက် တာရှည်ခံသည့် ဖြေရှင်းနည်းများနှင့် ပတ်သတ်၍ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားလုပ်ဆောင်စေမည်ဖြစ်သည်။ UNHCR သည် နေရပ်ပြန်ဒုက္ခသည်များနှင့် IDPs များ၏ ရေရှည်တည်တံ့သော ပြန်လည်ပေါင်းစည်းရေး ဝင်ဆံ့နိုင်ရေးအတွက် အားထုတ်လုပ်ဆောင်မှုတွင် ဒေသခံ NGOs ၊ CBOs နှင့် CSOs များ၏ တက်ကြွသည့် အခန်းကဏ္ဍကိုလည်း အားပေးမြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

UNHCR သည် ဒုက္ခသည်စခန်းများ ပိတ်သိမ်းခြင်းနှင့် ယင်းနေရာများရှိ သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးတို့ကို ထိုင်းနိုင်ငံအစိုးရနှင့်အတူ ညှိနှိုင်းဆောင်ရွက်ပြီး ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်သည်။ အလားတူ UNHCR သည် ထိုင်းနိုင်ငံအစိုးရနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာရန်မဖြစ်နိုင်သော ဒုက္ခသည်များအတွက် အာမခံချက်ရှိသည့် ဖြေရှင်းချက်များ ရရှိရန်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။